**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ**

စာအမှတ်၊ သလဝ-၂/ TSEZ /၂၀၂၁ ( ၀၆၂ )

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်

သို့

-----------------------------------------------

-----------------------------------------------

-----------------------------------------------

အကြောင်းအရာ။ **သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က) [ လက်ရှိလည်ပတ် အဆင့်(၁၂) + တိုးချဲ့ အဆင့်၃)] စီမံကိန်း (၅၀၆ ဟက်တာ) နှင့် အပိုင်း(ခ)တိုးချဲ့ခြင်း စီမံကိန်း(၁၉၅ ဟက်တာ) တို့အတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်ရန်နယ်ပယ်တိုင်းတာ သတ်မှတ်ခြင်း အစီရင်ခံစာ မူကြမ်းများ နှင့် ပတ်သက်၍ အများပြည်သူသို့ထုတ်ဖော် အသိပေးရန်နှင့် အများ ပြည်သူနှင့် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရန်ကိစ္စ**

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ-ဂျပန်သီလဝါဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (Myanmar Japan Thilawa Development Limited-MJTD) မှ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က) [လက်ရှိလည်ပတ် အဆင့်(၁၂) + တိုးချဲ့ အဆင့်၃)] စီမံကိန်း (၅၀၆ ဟက်တာ) နှင့် အပိုင်း(ခ) တိုးချဲ့ခြင်း စီမံကိန်း(၁၉၅ ဟက်တာ) တို့အတွက် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ရန် နယ်ပယ် တိုင်းတာသတ်မှတ်ခြင်းအစီရင်ခံစာ မူကြမ်းများ (Draft Scoping Reports) နှင့် ပတ်သက်၍ အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးပွဲ (Public Consultation Meeting-PCM) ကို သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ဦးဆောင်၍ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ အဆိုပါစီမံကိန်းများနှင့်ပတ်သက်သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆောင်ရွက်ရန် နယ်ပယ် တိုင်းတာ သတ်မှတ်ခြင်းအစီရင်ခံစာမူကြမ်းများအား အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်းကို ၂၀၂၀ ခုနှစ် မတ်လအတွင်း **နောက်ဆက်တွဲ "က"** ပါ နေရာများတွင် ဖြန့်ဝေထားခဲ့ပြီး အများပြည်သူနှင့် တွေ့ဆုံ ဆွေးနွေးပွဲကို COVID -19 Pandemic အခြေအနေများကြောင့် ယာယီရပ်ဆိုင်းထားခဲ့ရပါသည်

၃။ ယခုအခါ အဆိုပါစီမံကိန်းများနှင့်ပတ်သက်သည့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်ရန် နယ်ပယ် တိုင်းတာ သတ်မှတ်ခြင်းအစီရင်ခံစာမူကြမ်းများကို အများပြည်သူသို့ ရှင်းလင်း တင်ပြနိုင်ရေး အတွက် အများပြည်သူနှင့် တွေ့ဆုံဆွေးနွေးပွဲ (Public Consultation Meeting-PCM)ကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက် ဆွေးနွေးပေးနိုင်ပါရန် ဖိတ်ကြား အပ်ပါသည်-

**အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးပွဲအစီအစဉ်**

| | |
|---|---|
| နေ့ရက်။ | ၀၂-၀၂- ၂၀၂၁ နေ့ (အင်္ဂါနေ့) |
| အချိန်။ | ၁၀:၀၀ နာရီ မှ ၁၂:၃၀ (နံနက်ပိုင်း) နှင့် ၁:၃၀ နာရီမှ ၄:၀၀ (ညနေပိုင်း) |
| နေရာ။ | Virtual Meeting (Via Zoom Application) |

(**မှတ်ချက်။** စုစုပေါင်းအစည်းအဝေး (၂) ကြိမ် ပြုလုပ် မည်ဖြစ်သော်လည်း တူညီသော အကြောင်း အရာ များကိုသာ တင်ပြဆွေးနွေးမည်ဖြစ်သော ကြောင့် စိတ်ပါဝင်စားသူများအနေဖြင့် ကြိုက်နှစ်သက်ရာ အစည်းအဝေးအချိန်တွင် တက်ရောက်နိုင်ပါသည်။)

ဥက္ကဋ္ဌ(ကိုယ်စား)

(ဒေါက်တာသန်းသန်းသွယ်၊ တွဲဖက်အတွင်းရေးမှူး-၁)

မိတ္တူ

မြန်မာ-ဂျပန်သီလဝါဖွံ့ဖြိုးတိုးတက်ရေးလီမိတက်

ရုံးလက်ခံ

<u>နောက်ဆက်တွဲ "က"</u>

**အစီရင်ခံစာများကိုအများပြည်သူသိရှိစေရန် ထုတ်ဖော်အသိပေးထားသည့် နေရာများ**

(၁) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ရန်ကုန်တောင်ပိုင်းခရိုင်

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ သန်လျင်မြို့နယ်

(က) ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဘုရားကုန်းကျေးရွာအုပ်စု

(ခ) ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ လက်ယက်စမ်းကျေးရွာအုပ်စု

(ဂ) ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ အလွမ်းဆွတ်ကျေးရွာအုပ်စု

(၃) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ကျောက်တန်းမြို့နယ်

(က) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ အေးမြသီတာရပ်ကွက်

(ခ) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ ရွှေပြည်သာယာရပ်ကွက်

(ဂ) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ သီတာမြိုင်ရပ်ကွက် (ညောင်ဝိုင်းကျေးရွာအုပ်စု)

(ဃ) ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ရွှေပျောက်ကျေးရွာအုပ်စု

(၄) သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး (သီလဝါအထူးစီးပွားရေးဇုန်)

(၅) မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးလီမိတက်ရုံး

**<u>နောက်ဆက်တွဲ "ခ"</u>**

**အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားမည့်စာရင်း**

(၁) ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)

(၂) ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။

(၃) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

(၄) ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်။

(၅) ခရိုင်ပတ်ဝန်းကျင်ထိမ်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်။

(၆) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သန်လျင်မြို့နယ်။

(၇) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောက်တန်းမြို့နယ်။

(၈) အိုးအိမ်ဦးစီးဌာန၊ သန်လျင်မြို့နယ်။

(၉) စည်ပင်သာယာရေးအဖွဲ့၊ သန်လျင်နှင့်ကျောက်တန်းမြို့နယ်။

(၁၀) ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ သန်လျင်နှင့်ကျောက်တန်းမြို့နယ်။

(၁၁) ကျန်းမာရေးဦးစီးဌာန၊ သန်လျင်နှင့်ကျောက်တန်းမြို့နယ်။

(၁၂) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ သန်လျင်မြို့နယ်။

(၁၃) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။

(၁၄) သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ ဆက်စပ်ကုမ္ပဏီများနှင့်စက်ရုံများ

(၁၅) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်ကုမ္ပဏီများနှင့် ဆက်စပ်နေသော အစိုးရအဖွဲ့အစည်းများ (TSMC, MJTD စသည်)